# ရှင်ယောဟန်ဩဝါဒစာဒုတိယစောင်

နိဒါန်း

ရှင်ယောဟန်ဩဝါဒစာဒုတိယစောင်သည်``အသက်ကြီးသူ'' ထံမှ``ချစ်ခင်မြတ်နိုးအပ်သည့်အမျိုးသမီးနှင့်သားသမီးများ'' ထံသို့ရေးသားပေးပို့သည့်စာဖြစ်၏။ ဒေသအသင်းတော်တစ်ပါးနှင့် ယင်းအသင်းတော်ဝင်တို့ထံသို့ရေးပို့သည့်စာဖြစ်ဖွယ်ရာရှိပေ သည်။ ဤစာတိုကလေးတွင် အသင်းတော်ဝင်တို့အား တစ်ဦးနှင့်တစ်ဦးမေတ္တာထားကြရန်တိုက်တွန်းလျက် ဆရာအတုအယောင်များနှင့်သူတို့၏ဆုံးမဩဝါဒများကိုလက်မခံရန်သတိပေးသည်။

**အကြောင်းအရာအကျဉ်းချုပ်**

နိဒါန်း ၁-၃

မေတ္တာတရားသည်အဋ္ဌဂ္ဂိကဖြစ်ခြင်း ၄-၆

မိစ္ဆာဝါဒများကိုလက်မခံရန် သတိပေးခြင်း ၇-၁၁

နိဂုံး ၁၂-၁၃

1 အသက်ကြီးသူထံမှဘုရားသခင်ရွေးကောက်
တော်မူခြင်းခံရသူနှင့် အမှန်ပင်ငါချစ်မြတ်

နိုးသူအမျိုးသမီးကြီးနှင့် သူ၏သားသမီး
များထံသို့စာရေးလိုက်သည်။ သင့်အားငါတစ်
ဦးတည်းသာမက သမ္မာတရားကိုသိရှိသူ
အပေါင်းတို့သည်ချစ်ကြပေသည်။– 2 အဘယ်ကြောင့်ဆိုသော်သမ္မာတရ
ငါ တို့စိတ်နှလုံးတွင်တည်နေလျက် ငါတို့နှင့်
အတူအစဉ်မပြတ်ရှိမည်ဖြစ်သောကြောင့် တည်း။
3 ခမည်းတော်ဘုရားသခင်ထံမှလည်းကောင်း၊
ခမည်းတော်၏သားတော်ယေရှုခရစ်ထံတော်
မှလည်းကောင်း၊ ကျေးဇူးတော်၊ ကရုဏာတော်
နှင့်ငြိမ်သက်ခြင်းသည်သမ္မာတရားကိုသိ၍
အချင်းချင်းချစ်ကြသောငါတို့အပေါ်သို့
သက်ရောက်ပါစေသော။

## သမ္မာတရားနှင့်မေတ္တာတရား

4 သင်၏သားသမီးအချို့တို့သည်ခမည်းတော်
ဘုရားပညတ်တော်မူခဲ့သည့်အတိုင်း သမ္မာ
တရားတော်၌ကျင်လည်လျက်နေကြကြောင်း
တွေ့ရသဖြင့်ငါအလွန်ဝမ်းမြောက်၏။–
5 သို့ဖြစ်၍ချစ်သောအမျိုးသမီးကြီး၊ ငါတို့
အချင်းချင်းချစ်ကြရန်သင့်အားငါတောင်း
ပန်၏။ ဤပညတ်ကားအသစ်အဆန်းမဟုတ်။
အစကတည်းကပင်လျှင်ငါတို့ရရှိသည့်

ပညတ်ဖြစ်ပေသည်။-✡ 6 ချစ်ခြင်းဆိုသည်မှာကိုယ်တော်၏ပညတ်တော်
တို့ကိုလိုက်နာကျင့်သုံးခြင်းပင်တည်း။ အစ
ကတည်းကပင်လျှင် သင်တို့အားလုံးကြားနာ
ခဲ့ရသည့်ပညတ်တော်မှာမေတ္တာတရားကို
ကျင့်သုံးရမည်ဟူ၍ဖြစ်သတည်း။
7 လူ့ဇာတိကိုခံယူ၍သခင်ယေရှုကြွလာ
တော်မူသည်ကိုလက်မခံဘဲ လှည့်ဖြားသော
သူအများပင်ကမ္ဘာလောကထဲသို့ရောက်ရှိနေ
လေပြီ။ ထိုသို့သောသူသည်လှည့်ဖြားသောသူ၊
ခရစ်တော်၏ရန်သူဖြစ်၏။- 8 သို့ဖြစ်၍သင်တို့သည်သတိနှင့်နေကြလော့
သို့မှသာလျှင်ငါတို့၏ကြိုးပ မ်းဆောင်ရွက်
ချက်များသည်အချည်းနှီးမဖြစ်ဘဲ သင်တို့
သည်အကျိုးကိုအပြည့်အဝခံစားရကြ လိမ့်မည်။
9 ခရစ်တော်၏တရားတော်ဘောင်အတွင်း၌
မနေဘဲ ထိုဘောင်ကိုကူးကျော်သူ၌ဘုရား
သခင်မရှိ။ ထိုတရားတော်ဘောင်အတွင်း၌
နေသောသူဟူမူကားခမည်းတော်နှင့်သား တော်ပါရှိ၏။-
10 ထိုတရားတော်ကိုမသွန်သင်သောသူသည်
သင်တို့ထံသို့ရောက်ရှိလာသောအခါ သင်
တို့အိမ်တွင်လက်မခံကြနှင့်။ သူ့အားနှုတ်
ခွန်းပင်မဆက်ကြနှင့်။- 11 အဘယ်ကြောင့်ဆိုသော်ထိုသူအားနှုတ်ခွန်း
ဆက်သူသည်ထိုသူနှင့်အပေါင်းအပါဖြစ်၍

---

✡ **1:5** ယော၊ ၁၃:၃၄၊ ၁၅:၁၂၊၁၇။

ဆိုးယုတ်မှုကိုပြုကျင့်ရာရောက်သောကြောင့် တည်း။

## နိဂုံးချုပ်စကား

12 သင်တို့အားပြောစရာများစွာရှိသော်လည်း
ငါသည်စာအားဖြင့်မရေးဘဲ ငါတို့၏ရွှင်လန်း
ဝမ်းမြောက်ခြင်းပြည့်ဝစုံလင်စေရန် ငါသည်
သင်တို့ထံသို့အလည်အပတ်လာ၍ သင်တို့
နှင့်ကိုယ်တိုင်တွေ့ဆုံပြောဆိုရန်မျှော်လင့်၏။
13 ဘုရားသခင်ရွေးကောက်တော်မူခြင်းခံရသူ
သင့်ညီမ၏သားသမီးများကသင့်အား နှုတ်ဆက်ကြ၏။
ရှင်ယောဟန်ဩဝါဒစာဒုတိယစောင်ပြီး၏။

# Common Language Bible
## Burmese: Common Language Bible Bible without Deuterocanon

Public Domain

Language: Mynmar language (Burmese)

Translation by: Bible Society of Myanmar

# Burmese Common Language Bible

This translation is published by the Bible Society of Myanmar.
If you are interested in obtaining a printed copy, please contact the Bible Society of Myanmar at https://bsmyanmar.org/.

© 2005 Bible Society of Myanmar

2014-03-30

PDF generated using Haiola and XeLaTeX on 21 Feb 2024 from source files dated 1 Jul 2021
de6d28cc-10f3-5485-8960-5628a6c52793